ဝမ်းဘဲအင်းကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝမ်းဘဲအင်းကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ပြည့်နှစ်၊ မတ်လ
မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဝမ်းဘဲအင်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်	၅
	ဝမ်းဘဲအင်းကျေးရွာ ရာသီခွင်ပြပက္ခဒိန်၊ သထုံမြို့နယ်	၆
	ဝမ်းဘဲအင်းကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်	၇
	ဝမ်းဘဲအင်း ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်	၈
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၉
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	၁၀
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၂
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၃
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာ မီးလင်းရေး	၁၄
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၅
၆။	**ပညာရေး**	၁၅
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၆
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၇
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၈
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၉
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၁
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၁
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၇
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၉
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။


ဖေဖော်ဝါရီလ၊ ၂၀၂၀ပြည့်နှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဝမ်းဘဲအင်းကျေးရွာ

သထုံမြို့နယ်


ဝမ်းဘဲအင်းကျေးရွာ သယ်ဇာတပြမြေပုံ၊ သထုံမြို့နယ်



ဝမ်းဘဲအင်းကျေးရွာ ရာသီခွင်ပြပကွဒိန်၊ သထုံမြို့နယ်



ဝမ်းဘဲအင်းကျေးရွာ Venn Diagram(ကျေးရွာတွင်း/ရွာပြင်ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်




ဝမ်းဘဲအင်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်

ဝမ်းဘဲအင်းကျေးရွာ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

အကြောင်းအရာ	သတ်မှတ်ချက်များ			
	အဆင်းရဲဆုံးအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ပေးလွှတ်နိုင်သောအိမ်ထောင်စု	ကြွယ်ဝပေးလွှတ်နိုင်သောအိမ်ထောင်စု
ပြောင်းပျိုးစိုက်ပျိုးမှု	၅ဧကအထက်	၂.၅ဧကမှ ၅ဧကအောက်	၂.၅ဧကအောက်	မရှိ
အိမ်ထောင်စုဝင်အခြေအနေ	အုတ်ကာ၊ နှစ်ထပ်အိမ်ပျဉ်ထောင်/ပျဉ်ခင်း	သဖွယ်ထိုး၊ ဓာတ်ထိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း	ဓာတ်ထိုး၊ တဝိုက်ကာ ပျဉ်ခင်း	သစ်ကြိုးခေါင်းတိုင်ဓာတ်ထိုး၊ ဓာတ်ကာခေါင်း
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	ကား၊ ဆိုင်ကယ်၊ လက်ကွန်းထွန်စက်	ဆိုင်ကယ်	ဆိုင်ကယ်	မရှိ
အခြားစီးပွားရေးလုပ်ငန်း	လယ်၊ ဥယျာဉ်ခြံ	လယ်၊ ဥယျာဉ်ခြံ	ကုန်သည်၊ လက်သမား၊ ပြည်သူ့ဝန်ထမ်း (ဆိုင်း)	ကြီးကုန်သည်၊ ပြည်သူ့ဝန်ထမ်း (တိုင်း)
အိုးဝိုင်းတောင်စု	၁၂	၃၆	၂၈	၂၀

ဝမ်းဘဲအင်းကျေးရွာ ဦးစားပေးလုပ်ငန်းများစာရင်း ၊ သထုံမြို့နယ်



၀မ်းဘဲအင်းကျေးရွာ (၅) ခုတွင် အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များ

စဉ်	လုပ်ငန်းအမည်	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅
၁။	ရွာမတော်လမ်း၊ ကလေး၊ မကြီး ၁၄၀၀'x၁၃'x ၇'-၆" ဂဝ'	✓	-	-	-	-
၂။	အိမ်ခြံဝင်းစိုက်ခြင်း ၊ ရေဆုတ်ခြင်း	✓	✓	-	-	-
၃။	ကောလုံး၊ ကျွဲစီး	-	-	✓	-	-
၄။	စာကြည့်တိုက်	-	-	-	✓	-
၅။	စာသင်ကျောင်း၊ အတွင်းသင်ထောက် ကူမရှိသည်။	-	-	-	-	✓

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဝမ်းဘဲအင်းကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဝိန္ဓိတောကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ရွာ၏ အရှေ့ဘက်တွင် အင်းရွာကျေးရွာ၊ အနောက်ဘက်တွင် အင်တောကျေးရွာ၊ ရွာ၏ တောင်ဘက်တွင် ဆီဆုံ၊ မတ်ချ၊ ဖားဝိန်ကျေးရွာနှင့် ရွာ၏ မြောက်ဘက်တွင် မင်းလွင်ကျေးရွာ တည်ရှိပါသည်။ ကျေးရွာတွင် ဗမာနှင့် ကရင်တိုင်းရင်းသားများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဝမ်းဘဲအင်းကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ ဝမ်းဘဲအင်းကျေးရွာတွင် လယ် (၆၉.၃) ဧကနှင့် ရော်ဘာခြံ (၈၅.၄) ဧက ရှိပြီး အခြားနီးစပ်ရာကျေးရွာမှ လယ်မြေများနှင့်ယှဉ်လျှင် မြေဆီလွှာအရည်အသွေးညံ့ပါသည်။ သီးနှံများ မစိုက်သည့် မြေလွတ်မြေလပ် အနည်းငယ်ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်း အကျဉ်း စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဝမ်းဘဲအင်းကျေးရွာသည် ဝိန္ဓိတောကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တွင် (ကျား-၅၌း)၊ ရပ်မိရပ်ဖအဖွဲ့တွင် (ကျား-၆၌း+ မ-၅၌း)တို့ပါဝင်ပြီး လူပျိုခေါင်း၊အပျိုခေါင်းအဖွဲ့ (ကျား-၂၌း+မ-၂၌း) ပါဝင်ပါသည်။ အုပ်ချုပ်ရေး၊ စီမံကွပ်ကဲရေးတို့တွင် အမျိုးသမီးများ မပါဝင်ပါ။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်တက်ကြွကြွပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး ၊သာရေးနာရေး ကိစ္စများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူပျိုခေါင်း၊ အပျိုခေါင်းအဖွဲ့များ စသည့်အဖွဲ့များ၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့တာဝန်များခွဲ၍ စည်းစည်းလုံးလုံး ဆောင်ရွက်ကြပါသည်။ အိုးသူကြီးအဖွဲ့တွင် (ကျား-၁၀၌း) ပါဝင်ပြီးကျေးရွာ၏ သာရေး/နာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ထိုအဖွဲ့အစည်းများ အသိအမြင်တိုးတက်ရန် နှင့်အခြားကျေးရွာမှ အဖွဲ့အစည်းများကိုလေ့လာသင်ယူနိုင်ရန်အတွက် ခေါင်းဆောင်မှုဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို ပူးပေါင်း၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဂေါကပအဖွဲ့တွင် (ကျား-၁၅၌း)ပါဝင်ပြီး ဘာသာရေး ၊သာရေး/နာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင် ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင် (ကျား-၁၀၌း) တို့ပါဝင်ပြီး ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရန်

ဆောင်ရွက်လျက်ရှိပါသည်။ Easy၊ Hana အဖွဲ့မှ အမျိုးသမီးများငွေစု၊ ငွေချေးလုပ်ငန်းများအတွက် နည်းပညာ ဝန်ဆောင်မှု ပေးသောကြောင့် အမျိုးသမီး စွမ်းဆောင်ရည် အဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်း နိုင်ခဲ့သည်။ BAJသည် ကျေးရွာတွင် စက်ရေတွင်းနှင့် ရေစင်ဆောက်လုပ်ခဲ့ပြီး Unicefအဖွဲ့သည် ကျေးရွာတွင် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဝမ်းဘဲအင်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် နွေစား၊ ကျပန်း၊ မွေးမြူရေး၊ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ၁၂.၅ကေအထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦး ရေနည်းပါးပြီး တောင်သူလတ် အရေအတွက် ပိုများပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးကို မိုးရေနှင့် ချောင်းရေတို့မှ ရရှိပါသည်။ နွေစပါးကို ချောင်းရေဖြင့် စိုက်ပျိုးသော်လည်း စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ နွေစပါး(မရင်း)နှင့် ရော်ဘာကိုသာ အဓိက ထား စိုက်ပျိုးကြပြီး မိုးစပါး နှင့် ပဲများကိုလည်း စိုက်ပျိုးကြပါသည်။ သီးနှံအထွက်နှုန်းမှာ ရာသီဥတု အခြေအနေပေါ်မူတည်၍ နှစ်စဉ်ပုံမှန်မရှိပါ။ ထို့အပြင် တစ်ခါတစ်ရံ သီးနှံအထွက်နှုန်း နည်းရခြင်းမှာ စိုက်ပျိုးရေး နည်းပညာများ လိုအပ်ခြင်း၊ ရာသီဥတုမညီမျှခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းရခြင်း ဖြစ်သည့်အပြင် ခေတ်မီစက်ကိရိယာများ အသုံးပြုမှုနည်းပါးခြင်းကြောင့် အထွက်နှုန်းနည်းရခြင်း ဖြစ်ပါသည်။ အမြတ်အများဆုံးရသော စိုက်ပျိုးရေးသီးနှံမှာ စပါးနှင့်ရော်ဘာတို့ဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ အသုံးပြုမှုနည်းပါးပါသည်။ ဌားရမ်းလုပ်ကိုင်သည့် လူဦးရေများလည်း နည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို စက်ကိရိယာ၊ နွား၊ ကျွဲများဖြင့် ထွန်ယက်စိုက်ပျိုးကြပါသည်။

ကျေးရွာ၏ သဘာဝရေမြေရာသီဥတု သင့်တင့်မျှတမှုရှိပါသည်။ စပါးအထွက်နှုန်းညံ့သော လယ်မြေအချို့လည်းရှိပါသည်။ စိုက်ပျိုးရေကို မိုးရေနှင့်ချောင်းရေများမှ လုံလုံလောက်လောက်ရရှိ ပါသည်။ မျိုးကောင်း၊ မျိုးသန့်များ ရရှိရန်အတွက် မိမိတို့ကိုယ်တိုင် မျိုးစပါးပျိုးခြင်းများ ဆောင်ရွက်ခြင်းဖြင့် မျိုးကောင်း၊ မျိုးသန့်များ ကိုအလွယ်တကူရရှိသည့်အပြင် အခြားမိတ်ဆွေများ နှင့် ဆွေမျိုးများထံမှလည်း မျိုးကောင်းမျိုးသန့်များကို အလွယ်တကူရရှိပါသည်။ ထို့အပြင် မိမိစုဆောင်းထားသော မျိုးစပါး၊ ကျွဲ၊ နွား လိုအပ်သော စိုက်ပျိုးရေး စရိတ်ငွေကို မိမိတွင်

မပြည့်စုံပါက ဆွေမျိုး၊ မိတ်ဆွေများထံတွင် ချေးငှား၍ သုံးစွဲကြပါသည်။ စိုက်ပျိုးရေးအတွက် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိပါသည်။ စိုက်ပျိုးရေးအတွက် ခါတ်မြေဩနှင့် သဘာဝမြေဩများကိုလည်း အသုံးပြုပါသည်။ ကျွဲ၊ နွားများကို တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် ကျွဲ ၊နွားချေးများမှ သဘာဝမြေဩရပါသည်။ မြို့နှင့် မနီးသော်လည်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူသောကြောင့် သီးနှံမျိုးစေ့များနှင့် မြေဩများကို အလွယ်တကူ ရနိုင်ပါသည်။ ထွက်ကုန်များကိုလည်း အလွယ်တကူရောင်းချနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်း ပြုနိုင်သည့် နည်းပညာအားနည်းသောကြောင့် အလုပ်အကိုင်နည်းပါးသဖြင့် ပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် အိမ်ထောင်စုများရှိပြီး လယ်ယာစိုက်ပျိုးရေးတွင် အမျိုးသမီးများဖြင့်သာ လုပ်ကိုင်ကြရသောကြောင့် လုပ်သားများကို အလွယ်တကူ ခေါ်ယူ၍မရပါ။ ရွာက်ဖျက်ပိုးနှင့် ခရုဖျက်ပိုးများလည်း အနည်းငယ် ရှိပါသည်။ ကျေးရွာတွင် မိရိုးဖလာစိုက်ပျိုးရေး ကိုသာ အသုံးပြုသူများပြားပြီး စိုက်ပျိုးရေးအသိပညာ၊ နည်းပညာအားနည်းသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများကို တွင်ကျယ်စွာ မဆောင်ရွက်နိုင်သောကြောင့် စိုက်ပျိုးရေးနည်းပညာများ လာရောက်မျှဝေမည်ဆိုပါက အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်ဝသော စိုက်ပျိုးရေး ထုတ်ကုန်များ ရရှိလာနိုင်မည်ဖြစ်ပါသည်။ ပြင်ပစိုက်ပျိုးရေး အသုံးစရိတ်ချေးငွေများလည်း မရရှိပါ။ မြစိမ်းရောင်စိမ်ကိန်း အတိုးနည်းချေးငွေများကို ရရှိမည်ဆိုပါက လယ်ယာမြေများ ကိုတိုးချဲ့ခြင်း၊ ခေတ်မီစက်ကိရိယာများ ဝယ်ယူနိုင်ခြင်းများ ဆောင်ရွက်၍ ပိုမိုကောင်းမွန်သော စီးပွားရေး အခြေအနေကို ရောက်ရှိလာမည် ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၈) အိမ်ရှိပြီး နွားကောင်းရေ (၅၃) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၇) စုမှ (၈၁) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ဆိတ် (၅၃) ကောင်၊ အိမ်ထောင်စု (၄၁) အိမ်မှ ဝက် (၉၆) ကောင်၊ အိမ်ထောင်စု (၅၄) အိမ်မှ ကြက် (၄၃၃) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ဘဲ (၂၁) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ ကျေးရွာ တွင် နွားများ၊ ကျွဲများ၊ ဆိတ်များ၊ ဝက်များ နှင့်ကြက်များ၊ ဘဲများ ကိုတစ်နိုင်တစ်ပိုင် မွေးမြူးကြပါသည်။ စိုက်ပျိုးရေး အသိပညာပေးသင်တန်းများအပြင် မွေးမြူရေး ဆိုင်ရာသင်တန်းများ ပါဖွင့်လှစ်ဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေး လုပ်ငန်းကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းမှာ တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသဖြင့် တိရစ္ဆာန် သောက်သုံး

ရေနှင့် ပတ်သက်သော အခက်အခဲများမရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့် ဆေးများကို အလွယ်တကူရနိုင်ပါသည်။ တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင် မွေးနိုင်ခြင်း ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် မွေးမြူကြသော်လည်း စီးပွားဖြင့် မွေးမြူရန်အတွက် ချေးငွေကို မရရှိပါသဖြင့် ကာလရှည် အတိုးနည်း ချေးငွေများရရှိပါက ပိုမိုကောင်းမွန်သော မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မွေးမြူရေးနှင့်ပတ်သက်သည့် အသိပညာများရရှိပါက မွေးမြူရေးလုပ်ငန်းများကို ပိုမိုကျယ်ပြန့် လာမည် ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမလုပ်ကိုင်သည့် အိမ်ထောင်စုများသည် ဈေးရောင်းခြင်း၊ ဆောက်လုပ်ရေး ၊ပို့ဆောင်ရေးနှင့် ကြံုရာ၊ ကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် လုပ်ကိုင် ကြပြီး အသက်မွေးမှုနည်းပညာအားနည်းခြင်း၊ တတ်မြောက်မှုမရှိခြင်း၊ ငွေကြေးရင်းနှီး မြှုပ်နှံမှု အားနည်းခြင်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း တို့ကြောင့် တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်း ဖြစ်ပါသည်။ **ထို့အပြင်** ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်သော အခြား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်း နှင့်သေးစား အလတ်စား ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ ဝန်ဆောင်မှုမရှိခြင်း၊ အလုပ်နှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ပညာများ တတ်မြောက်မှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးမရှိခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပါသည်။ ထို့ကြောင့် နေ့စားကျပန်းများအနေဖြင့် အသက်မွေးဝမ်းကျောင်း နည်းပညာ ဖြစ်သည့် (စက်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင် သင်တန်း၊ ဆပ်ပြာရည်သင်တန်း) စသည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများကိုဖွင့်လှစ်သင်ကြားစေခြင်းအားဖြင့် တစ်ဖက် တစ်လမ်းမှ ဝင်ငွေများရရှိလာပြီး မိသားစုစားဝတ်နေရေး အဆင်ပြေ ချောင်လည်လာမည် ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများနှင့် ကျပန်း လုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း

မိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်တင့်ဖြင့် ချေးငွေအနည်းငယ်သာရရှိပါ သည်။ Hana, Easy တို့မှ ချေးငွေအဖွဲ့မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများကို ကာလတိုချေးငွေအဖြစ် လိုသလောက်မရရှိပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာပြီး ကာလရှည်ချေးနိုင်မည့် မြစိမ်းရောင် စီမံကိန်းဆောင် ရွက်ပေးရန်လိုအပ်ပါသည်။မွေးမြူရေးလုပ်ငန်း များနှင့် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၅၄) စီး၊ မော်တော် ဆိုင်ကယ် (၅၆) စီး၊ သုံးဘီးဆိုင်ကယ် (၄) စီး၊ ထော်လာကျီ (၁) စီး၊ ကား (၅) စီး ၊ သယ်ယူ ပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ လှေ(၅)စီး ၊ စက်လှေ(၁)စင်း တို့ကိုလည်းမိုးတွင်းကာလ လယ်ကွင်း ဆင်းချိန်နှင့် ၊ ချောင်းများတွင်ငါးရှာချိန်များ၌ အသုံးပြု ကြပါသည်။

ကျေးရွာတွင် ရွာပတ်လမ်း နှင့် ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ကွန်ကရစ်လမ်း မရှိပါ။ ၎င်းလမ်းများ ခင်းရာတွင် ရွာသူ/သားများက လုပ်အားများ စိုက်ထုတ်ကြပါသည်။ ကျေးရွာသည် ခရိုင်ချင်းဆက်လမ်းပေါ်တွင် ရှိသဖြင့် အနီးအနားရွာများဖြစ်သော မတ်ချ၊ ဆီဆုံ၊ ဖားဖိန်၊ မင်းလွင်ရွာများနှင့် ထိစပ်နေပါသည်။ ၎င်းရွာအဝင်လမ်းသည် ရွာတွင်းလမ်းမကြီး ဖြစ်သည့်အပြင် စာသင်ကျောင်းနှင့် ဓမ္မာရုံ၊ ဘုန်းကြီးကျောင်းသည် လမ်းအဆုံးတွင် ရှိသဖြင့် ဥပုတ်စောင့်သူများ၊ ဆွမ်းပို့သူများ၊ ပညာသင်ကြားနေသော ကျောင်းသားများအတွက် အသုံးဝင်သည့်အပြင် လမ်းမကြီးဖြစ်သည့်အတွက် တစ်ရွာလုံးအတွက် အသုံးအဝင်ဆုံးလမ်းလည်း ဖြစ်ပါသည်။ မိုးတွင်းကာလများတွင် ဗွက်များ၊ ချိုင့်များ ဖြစ်ပေါ်သဖြင့် သွားလာရခက်ခဲပါသည်။ ၎င်းလမ်းအား နွေရာသီကာတွင်သာအသုံးပြု သွားလာ၍ရပြီး မိုးတွင်းကာလများတွင် သွားလာ၍

မရပါ။ ထိုလမ်းအား မြေသားအမြင့်တင်ပြီး လမ်းဘေးရေမြောင်းတူးဖော်မည် ဆိုပါက မိုးတွင်းကာလတွင် သွားလာရ အဆင်ပြေမည်ဖြစ်ပါမည်။

ဝမ်းဘဲအင်းကျေးရွာတွင် ရွာအဝင် ရေပြွန် တစ်စင်းသာရှိ ပါသည်။ ကား၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာ၍ ရပါသည်။ ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာ မီးလင်းရေး

ဝမ်းဘဲအင်းကျေးရွာတွင် ဆိုလာစနစ်ကို အသုံးပြုနေသည့် အိမ်ထောင်စု(၄၁)စု၊ ဒီဇယ်အင်ဂျင်ကို အသုံးပြုနေသည့် အိမ်ထောင်စု(၁၇)စုနှင့် ၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု(၂)စုနှင့် ကျေးရွာတွင် မဟာဓါတ်အားလိုင်း ချိတ်ဆက်၍ လျှပ်စစ်မီး ရရှိမှု မရှိသေးပါ။ ကျေးရွာတွင် ငွေကြေးအင်အား စိုက်ထုတ်နိုင်မှု အားနည်းသောကြောင့် လျှပ်စစ်မီး ဆောင်ရွက်ရန် အခက်အခဲများ ရှိပြီး မတည်ရန်ပုံငွေ တစ်ခုခုရရှိပါက ကျေးရွာတွင် လျှပ်စစ်မီးကို ရရှိပြီး ကျေးရွာ၏ လူနေမှု အဆင့်အတန်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍာများ ပါတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ယခုလက်ရှိတွင် ကျေးရွာ၌ ဆိုလာမီးဖြင့်သာ အများဆုံး အသုံးပြုကြသည်။ ဆိုလာမသုံးနိုင်သော မိသားစုများ လည်းရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ မတိုးတက်ခြင်း ဖြစ်သည်။ ထို့အပြင် ဖယောင်းတိုင်မီး၊ ရေနံဆီမီးများ အသုံးပြုနေသည့် အိမ်ထောင်စုများလည်း ရှိခြင်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဝမ်းဘဲအင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၉) လုံး၊ ရေဒီယို (၁၄) လုံး၊ တီဗွီ (၂၂) လုံး၊ ဂြိုလ်တုစလောင်း (၈) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာအနီးတွင် MPT, Telenor ဖုန်းတာဝါတိုင်(၂)ခု ရှိသည့်အတွက် ဖုန်းဆက်သွယ်မှု အခက်အခဲ မရှိပါ။ သတင်းအချက်အလက်များကို တယ်လီဖုန်း၊ ရေဒီယို၊ တီဗီ၊ ဂြိုလ်တုစလောင်းများမှ သိရှိပါသည်။ ထို့အပြင် သတင်းအချက်အလက်ဖြန့်ဝေမှုကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ တဆင့် သိနိုင်သည်။ သဘာဝဘေး အန္တရာယ်လျော့ချရေး ၊ ကြိုတင်ကာကွယ်ရေးစသည့် အစီအစဉ်များ ပို့ချရန်လိုအပ်ပါသည်။

၆။ ပညာရေး

ဝမ်းဘဲအင်းကျေးရွာ၏ စာမတတ်သူဦးရေများမှာ အသက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ မူလတန်း အဆင့်အောင်မြင်သူ (၁၉၆)ဦး၊ အလယ်တန်းအဆင့် ပညာတတ်မြောက်သူ(၄၇)ဦး၊

အထက်တန်းအဆင့် အောင်မြင် သူ(၁၅)ဦး၊ တက္ကသိုလ်အောလိပ်တတ်မြောက်သူ(၇)ဦးတို့ရှိသည်။ ယခင်ကကျေးရွာတွင် စာသင်ကျောင်း မရှိသောကြောင့် စာတတ်မြောက်မှု နည်းပါးပါသည်။ ထို့အပြင်အသိပညာ ဗဟုသုတအားနည်းခြင်းကြောင့်လည်း ပညာရေးနှောင့်နှေးရခြင်းဖြစ်ပါသည်။ လက်ရှိပညာ သင်ကြားနေသော ကျောင်းသား/သူများသည် မူလတန်းပညာကို ကျေးရွာရှိ မူလတန်းကျောင်းတွင်လည်းကောင်း၊ အလယ်တန်းပညာနှင့် အထက်တန်းပညာကို ကျေးရွာနှင့် (၃)မိုင်ခန့်ကွာဝေးသော ဝိန္ဓေတောကျေးရွာရှိ အထက်တန်းကျောင်းသို့ သွားရောက် ပညာသင်ကြားရပါသည်။

ကျေးရွာ၏မူလတန်းကျောင်းတွင် ဆရာ/ဆရာမ(၄၀:၁) အောက်ဖြစ်သောကြောင့် လုံလောက်ပါသည်။ ကျောင်းခြံစည်းရိုးကောင်းမွန်ပြီး ကျောင်းရေရရှိမှု လုံလောက်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဝမ်းဘဲအင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆရာမမှ ပိုလီယို ကာကွယ်ဆေး ၊ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေး လာရောက်ထိုးနှံပါသည်။ လိုအပ်သော ကာကွယ်ဆေးများကို ဒလတစ်ကြိမ် ပုံမှန်ထိုးပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ကျေးရွာနှင့် (၃)မိုင်ခန့် ကွာဝေးသော ဝိန္ဓေတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းရှိပါသည်။ သို့ဖြစ်၍ ကျေးရွာမှ ၅နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ဝိန္ဓေတောကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ ကာကွယ်ဆေးထိုးနှံကြပါသည်။ အရေးပေါ် လူနာများကို သထုံမြို့ရှိ သထုံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသရပါသည်။

ကျေးရွာ၌ မိုးရာသီ၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ် ကွေးရောဂါဖြစ်တတ်ပါသည်။ ဌက်ဖျားရာသီတွင်လည်း ဌက်ဖျားရောဂါ ဖြစ်တတ်ပါသည်။ ကျေးရွာအတွင်းတွင် ဆီးချိုနှင့် သွေးတိုးရောဂါ ဖြစ်ပွားနှုန်း မြင့်မားသည်။ ထို့အပြင် ကျန်းမာရေး အသိပညာ ဗဟုသုတ အားနည်းခြင်းကြောင့် ပညာရေးနှောင့်နှေးရခြင်းဖြစ်ပါသည်။ ကျန်းမာရေးအသိပညာမရှိခြင်း၊ နေထိုင်စားသောက်မှု ပုံမမှန်ကန်ခြင်းတို့ကြောင့် တီဘီ၊ ဆီးချိုနှင့် သွေးတိုးရောဂါ ဖြစ်ပွားနှုန်းများ ရခြင်းဖြစ်ပါသည်။

သောက်သုံးရေအနေဖြင့် ကျေးရွာတွင် ရေတွင်းပေါင်း ၁၂တွင်းနှင့် အဝိစိတွင်း (၁)တွင်းရှိပါသည်။ အိမ်ထောင်စု(၉၇) စုမှ ရေတွင်း ၁၂တွင်းကို မျှဝေသုံးစွဲကြပါသည်။ ကျေးရွာ၏ နွေရာသီ၌ ရေခမ်းခြင်းများ ကြုံတွေ့ရသဖြင့် ရွာဘေးရှိ လက်တူးတွင်း၌ ရေကိုသောက်သုံးရေ

အတွက် အသုံးပြုရပါသည်။ ဒါ့အပြင် ထိုအချိန်တွင် ရေလုံလောက်စွာရရှိသော ရေတွင်းများမှ လည်းရေကို မျှဝေ၍ သုံးစွဲရပါသည်။ ထို့ကြောင့် မြေနေရာလည်းရှိသဖြင့် ကျေးရွာတွင် စက်ရေတွင်းနှင့် စင်မြင့်ရေစင် တည်ဆောက်ပေးပါက နွေရာသီတွင် ရေမလုံလောက်မှုများ ကြုံတွေ့နိုင်တော့မည်မဟုတ်ပါ။

ကျေးရွာအတွင်းတွင် ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး သုံးစွဲကြ ပါသည်။ မသန့်ရှင်းသော အိမ်သာများ အသုံးမပြုသူများအနည်းငယ်ရှိသည်။ အိမ်သာမရှိသူများလည်း ရှိပါသည်။ ကျန်းမာရေး အသိမရှိခြင်း အိမ်သာအသုံးပြုသော အလေ့အထမရှိခြင်း ကြောင့် အိမ်သာအသုံးမပြုကြခြင်းဖြစ်သည်။ ထိုအိမ်ထောင်စုများ အိမ်သာအသုံးပြုရန်အတွက် ကျန်းမာရေး အသိပညာ ဟောပြောပွဲများ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဝမ်းဘဲအင်းကျေးရွာတွင် ရေကြီးနစ်မြုပ်မှုမရှိသော်လည်း ချောင်းနှင့်နီးသော လယ်ကွင်းများတွင် ရေဝင်ဝင်ရောက်မှုကြောင့် စပါးပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ ကျေးရွာအပြင်တွင် ရေကြီးနစ်မြုပ်ခြင်းများ ကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အနေဖြင့် အမှိုက်များကို မိမိအိမ်ခြံဝန်းအတွင်း၌ ကျင်းတူးပြီး မီးရှို့သော အိမ်ထောင်စု အချို့ရှိပါသည်။ အမှိုက်များကို စနစ်တကျစွန့်ပစ်မှု အားနည်းသော အိမ်ထောင်စုများလည်းရှိသောကြောင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် အသိပညာဟောပြောပွဲများ ဆောင်ရွက်၍ အမှိုက်စွန့်ပစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသာယာလှပသန့်ရှင်းအောင်ဆောင်ရွက်သင့်ပါသည်။

ကျေးရွာအနီးနှင့် ပတ်ဝန်းကျင်တွင် ခါတ်သတ္တု၊ သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ၊ အခြားသဘာဝအရင်းအမြစ်များ မရှိသော်လည်း နွားစာမြက် အနည်းငယ် ရှိပါသည်။ ကျောက်၊ သဲနှင့် ကျောက်စရစ်များမှာ ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း သထုံမြို့အနီးအနားကျေးရွာများနှင့် ကရင်ပြည်နယ် ၊ဘားအံမြို့နယ်၊ မြိုင်ကလေး ကျေးရွာတို့မှ အလွယ်တကူဝယ်ယူရရှိ အသုံးပြုနိုင်ပါသည်။

ကျေးရွာအတွင်းတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ တစ်ဦးကိုတစ်ဦးမိသားစု၊ မိတ်ဆွေများသဖွယ် ကူညီစောင့်ရှောက်မှုများဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြပါသည်။ ဆင်းရဲသည့်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့် လက်လုပ်လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိပါသည်။ သို့သော်လည်း

ဝမ်းဘဲအင်းကျေးရွာသည် ဝမ်းစာဖူလုံမှုရှိခြင်း၊ သဘာဝဘေးအန္တရာယ်များ မရှိခြင်း၊ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းတတ်ခြင်းတို့ကြောင့် ၄င်းဓိသားစုများအတွက် ထိခိုက်မှုခံရနိုင်ချေနည်းပါးပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးကို တစ်နိုင်တစ်ပိုင်အဓိက ထားလုပ်ကိုင်သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်းဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ကျေးရွာအတွင်း ဌက်ဖျား ရောဂါအနည်းငယ် နှင့် တီဘီရောဂါအနည်းငယ်ရှိပါသည်။ ကိုယ်ခံအား ကျဆင်းမှုရောဂါမရှိပါ။ ရွာသူ/သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခမရှိပါ။ ကျွဲ၊ နွား၊ ဆိတ်တို့မှ တစ်ခါတစ်ရံလျှာနာ ခွာနာရောဂါဖြစ်တတ်ပါ သည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများမပါဝင်ကြပါ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများက တက်ကြွစွာ ပါဝင်ဆောင်ရွက် ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိသလောက်နည်းပါး ပါသည်။ အမျိုးသမီးရေး ရာ အကြမ်းဖက်မှုနှင့် တရားမျှတ မှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုအားနည်းပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဝမ်းဘဲအင်းကျေးရွာအုပ်စု			ကျေးရွာအမည် – ဝမ်းဘဲအင်းကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း။	ဦးစားပေး၁
၂	ကျန်းမာရေး	သောက်သုံးရေ	စက်ရေတွင်းနှင့်ရေလှောင်ကန်တည်ဆောက်ခြင်း။	ဦးစားပေး၂
၃	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	ကျေးရွာပိုင် စာကြည့်တိုက်/လေ့လာသင်ယူရန် နေရာ တစ်ခုဖန်တီးခြင်း။	ဦးစားပေး၃
၄	လူငယ်နှင့်အားကစား	အားကစား	အားကစားကွင်းပြုလုပ်နိုင်ရန်စုပေါင်းတိုင်ပင်ခြင်း။	ဦးစားပေး၄
၅	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂနှင့် သင်ထောက်ကူ ပစ္စည်းများ ဖြည့်တင်းခြင်း	ဦးစားပေး၅
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ	အားကစားကွင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	ဦးစားပေး၆
၇	ငွေကြေး	ရပ်ရွာခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။	ဦးစားပေး၇
၈	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသက်မွေးဝမ်းကျောင်းဆိုင်ရာ(စက်ပြင်၊ စက်ချုပ်၊ ဆပ်ပြာရည်သင်တန်း)စသည့်သင်တန်းများဖွင့် လှစ်ခြင်း။	ဦးစားပေး၈
၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်း ကွန်ကရစ်လမ်းသို့အဆင့်မြှင့်တင်ခြင်း။	ဦးစားပေး၉

ဝမ်းဘဲအင်းကျေးရွာ၊ ဝိန္ဒဲတောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဝင်းလွင်ဦး	ဦးစံရွား	၁၀/သထန (နိုင်) ၁၈၉၇၆၃	၄၅	ဥက္ကဋ္ဌ	၀၉-၇၇၃၁၀၈၃၆၉
၂	ဦးမျိုးသန့်စိုး	ဦးအောင်ချစ်	၁၀/သထန (နိုင်) ၂၄၈၅၉၀	၃၁	အတွင်းရေးမှူး	၀၉-၇၉၂၆၉၅၆၉၂
၃	ဦးစောကိုကို	ဦးအုန်းငွေ	-	၃၈	ဘဏ္ဍာရေးမှူး	၀၉-၇၇၃၂၆၂၉၅၇
၄	ဒေါ်မနန်းစံ	ဦးတာမူးမု	၁၀/သထန (နိုင်) ၁၇၅၇၂၈	၃၆	အဖွဲ့ဝင်	၀၉-၇၇၉၅၄၄၁၀
၅	ဒေါ်ဖောထူးအို့	ဦးမောင်ရွှေ	၁၀/သထန (နိုင်) ၁၈၉၈၈၁	၄၇	အဖွဲ့ဝင်	-
၆	နော်နီနီဝင်း	ဦးအောင်ချစ်	၁၀/သထန (နိုင်)၁၈၉၇၁၉	၂၉	အဖွဲ့ဝင်	၀၉-၆၈၆၃၂၆၇၉၇
၇	စောစိန်ဖုံး	ဦးဘုရားဖူး	၁၀/သထန (နိုင်) ၂၂၀၀၃၅	၂၃	အဖွဲ့ဝင်	၀၉-၆၆၁၂၃၆၆၆၂၀
၈	ဦးနာနတ်	ဦးဖားခေး	-	-	အဖွဲ့ဝင်	၀၉-၇၆၄၉၀၅၈၅၃
၉	ဒေါ်သီတာထွေး	ဦးဘဟန်	၁၀/သထန (နိုင်) ၁၄၆၂၂၃	၃၉	စာရင်းကိုင်	၀၉-၇၆၆၅၇၂၄၅၄

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းအရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၄	၄	၈		
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၇	၂၅	၄၂		
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၀	၃၅	၆၅		
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၀	၄၇	၈၇		
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၆	၁၆၅	၃၂၁		
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၀	၁၃	၂၃		
စုစုပေါင်း		၂၅၇	၂၈၉	၅၄၆		
စုစုပေါင်း အိမ်ထောင်စု		၉၇				

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းဘဲအင်းကျေးရွာတွင် အိမ်ထောင်စု (၉၇) စု၊အိမ်ခြေ(၅၂)အိမ်၊ လူဦးရေ (၅၄၆)ဦး ရှိပါသည်။ ဝမ်းဘဲအင်းကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁.၄၆%)၊ ၅ နှစ်အောက်ကလေးငယ်အရွယ် (၇.၆၉%)၊ မူလတန်း ကျောင်းသားအရွယ် (၁၀.၈၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၉%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၅၈.၇၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၂၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၅၈.၇၉)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၅၆) ဦး၊ မ (၁၆၅) ဦး စုစုပေါင်း (၃၂၁) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၅၈.၇၉%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိက ဝင်ငွေရ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၅	၃၇	၁၅	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇	၁၀	၂၂	မြင့် ☐ လတ်✓ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၄	၁၂	မြင့် ☐ လတ်✓ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိုပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၃	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၂	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	တက္ကသိုလ်နှင့်နီးသော ကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၂၁	၃၁	၄၅	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၅၂	၉၅	၁၃၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းဘဲအင်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ဦးရေ များပြားပါသည်။ မွေးမြူရေး၊ဆောက်လုပ်ရေး၊ပို့ဆောင်ရေးနှင့်ကျပန်းလုပ်ကိုင်သူများလည်းရှိသည့် အပြင် ပညာရေးဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်း အိမ်ထောင်စုများလည်းရှိပါသည်။ ဝမ်းဘဲအင်းရွာ သည် ခရိုင်ချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး အတွင်းပိုင်းသို့ အနည်းငယ်ဝင်ရပြီး လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လျက်ရှိပါသည်။ ဒါ့အပြင် ကျေးရွာတွင်အလုပ်အကိုင် အခွင့်အလမ်း နည်းသောကြောင့်ပြင်ပ တွင်သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၉၀၀၀	၇၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၂၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၉.၃	ကောင်း ☐	သင့်☐	ညံ့ ✓
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၈၅.၄	ကောင်း☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၁.၅	ကောင်း ☐	သင့်☐	ညံ့ ✓
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၁၄.၅	ကောင်း ☐	သင့်✓	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စုစုပေါင်း	၁၉၀.၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းဘဲအင်းကျေးရွာတွင် လယ် (၆၉.၃) ဧကနှင့် ရော်ဘာခြံ (၈၅.၄) ဧက ရှိပြီး အခြားနီးစပ်ရာကျေးရွာမှ လယ်မြေများနှင့် ယှဉ်လျှင် မြေဆီလွှာ အရည်အသွေး ညံ့ပါသည်။ သီးနှံများ မစိုက်သည့် မြေလွတ်မြေလပ် (၁၄.၅) ဧက ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ✓ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ-မြေပေါ်ရေ (အင်းအိုင်၊ မြစ်ချောင်း၊ကန်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

သစ်တော- အပူပိုင်းသစ်တော	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ□
သစ်တော၊ ဒီရေတောများ	များ □ သင့်□ နည်း □ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □	လျော့ □ တိုး □ အပြောင်းအလဲမရှိ□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းဘဲအင်းကျေးရွာတွင် ဓါတ်သတ္တု၊ သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ၊ အခြားသဘာဝအရင်းအမြစ်များ မရှိသော်လည်း နွားစာမြက် အနည်းငယ် ရှိပါသည်။ ထို့အပြင် ကျောက်၊ သဲနှင့် ကျောက်စရစ်များမှာ ကျေးရွာ၏ အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း ကရင်ပြည်နယ် ၊ဘားအံမြို့နယ်၊ မြိုင်ကလေး ကျေးရွာနှင့် သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ အလွယ်တကူဝယ်ယူရရှိ အသုံးပြုနိုင်သည်ကို လေ့လာတွေ့ရှိရ ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၂.၅ဧကမှ၅ဧက	၂.၅ ဧကအောက်	မရှိ
အိမ်အခြေအနေ	အုတ်ကာ၊နှစ်ထပ် ပျဉ်ထောင်ပျဉ်ခင်း	သွပ်မိုး၊ ဖက်မိုး၊ ပျဉ်ထောင်/ခင်း	ဖက်မိုး၊ပျဉ်ခင်း၊ ထရံကာ	ဝါးတိုင်၊သစ်လုံးတိုင် ၊ဖက်မိုးဖက်ကာ၊ ဝါးအခင်း
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ် လက်တွန်း၊ ထွန်စက်	ဆိုင်ကယ်	ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ဥယျာဉ်၊ခြံ	လယ်၊ဥယျာဉ်၊ခြံ	ကျပန်း၊ လက်သမား၊ ထိုင်း	ကြံရာကျပန်း၊ ထိုင်း
အိမ်ထောင်စု	၉	၃၅	၁၇	၃၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းဘဲအင်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာ ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်းရှိသည့်အပြင်

ဈေးဆိုင်၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် ကျပန်းလုပ်ကိုင်ခြင်း၊ ပန်းရံ၊ လက်သမားအဋ္ဌား လိုက်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြပြီး စီးပွားရေးအဆင်မပြေသဖြင့် ပြည်ပသို့ သွားရောက် လုပ်ကိုင်သူများ လည်းရှိသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ် စသည့် ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည့်အပြင် ပြည်ပနိုင်ငံများသို့ လည်းသွားရောက်လုပ်ကိုင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

……

……

……

……

……

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝမ်းဘဲအင်းကျေးရွာသည် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ တစ်ဦးကိုတစ်ဦးမိသားစု၊ မိတ်ဆွေများသဖွယ် ကူညီစောင့်ရှောက်မှုများဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓					✓
၂	လျှပ်တပြတ်ရေကြီးခြင်း	✓					✓
၃	မုန်တိုင်းဒီရေ	✓					✓
၄	ဆူနာမီ	✓					✓
၅	တိုင်ဖုန်းမုန်တိုင်း	✓					✓

၆	လေဆင်နှာမောင်း	✓					✓
၇	ငလျှင်	✓					✓
၈	အပူလှိုင်း	✓					✓
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓					✓
၁၀	အအေးလှိုင်း	✓					✓
၁၁	မိုးသီးကြွေကျမှု	✓					✓
၁၂	မိုးခေါင်ခြင်း	✓					✓
၁၃	တောမီးလောင်ခြင်း	✓					✓
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓					✓
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓					✓
၁၆	မြေပြိုခြင်း	✓					✓
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓					✓
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓				✓
၁၉	မြေပြိုခြင်း၊မြေဆီလွှာ ပျက်စီးခြင်း	✓					✓
၂၀	သစ်တောပြုန်းတီးခြင်း	✓					✓
၂၁	ဌက်ဖျားရောဂါ	✓					✓
၂၂	တီဘီရောဂါ	✓					✓
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓					✓
၂၄	ကပ်ရောဂါ	✓					✓
၂၅	ပြည်တွင်း ပဋိပက္ခ	✓					✓
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓					✓
၂၇	လူကုန်ကူးခြင်း	✓					✓
၂၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်		✓				✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းဘဲအင်းကျေးရွာသည် စိုက်ပျိုးရေးကို တစ်နှိုင်တစ်ပိုင်အဓိကထားလုပ်ကိုင် သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်းဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ်များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေးရှားပါးခြင်းကို တစ်ခါတစ်ရံကြုံတွေ့ရပါသည်။ ကျေးရွာအတွင်း ဌက်ဖျား ရောဂါအနည်းငယ်နှင့် တီဘီရောဂါအနည်းငယ်ရှိသော်လည်း ဌက်ဖျား ရောဂါနှင့်တီဘီရောဂါများ တိုက်ဖျက်ရေးအတွက် IOM

နှင့် KDHW မှ စေတနာဝန်ထမ်း ကျေးရွာတွင်ရှိပါသည်။ ကိုယ်ခံအား ကျဆင်းမှုရောဂါမရှိပါ။ ရွာသူ/သားများသည် စည်းစည်း လုံးလုံးနှင့် အေးချမ်းစွာ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခမရှိပါ။ ကျွဲ၊ နွား၊ဆိတ်တို့မှ တစ်ခါတစ်ရံလျှာနာ ခွာနာရောဂါဖြစ်တတ်သည်ကိုလေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
		နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	✓				✓	
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	✓					✓
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	✓					✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာတွင် နေထိုင်သူများ	✓					✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	✓					✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	✓					✓
၉	ငါးကန်ပိုင်ရှင်များ	✓					✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	✓					✓
၁၁	လူနည်းစုလူမျိုးများ	✓					✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	✓					✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	✓					✓
၁၄	ရွှေတွင်းလုပ်သားများ	✓					✓
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	✓					✓
၁၆	နေရပ်ပြန် အခြေချသူများ	✓					✓

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓					✓
